**ထွန်းရွှေစင်သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများသည် SGU-138(A) ရွှေလုပ်ကွက်အတွင်း ရွှေသတ္တု တူးဖော်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ စဉ့်ကူးမြို့နယ်၊ နတ်တောင်ကျေးရွာအုပ်စုအတွင်းရှိ ကုမ္ပဏီလုပ်ကွက်အနီးရှိ ဒေသခံရွာသူ/သားများအား တွေ့ဆုံရှင်းလင်းချက်မှတ်တမ်း**

ထွန်းရွှေစင်သတ္တုတူးဖော်ရေးကုမ္ပဏီအနေဖြင့် ရွှေအသေးစားထုတ်လုပ်ရေးလုပ်ကွက်အမှတ် SGU-138(A) နှင့် ပတ်သက်၍ စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများအား ဒေသခံ ပြည်သူလူထု သိရှိရေး၊ ဒေသလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် လိုအပ်သော တွေ့ဆုံဆွေးနွေးမှုများကို (၂.၁.၂၀၁၈)ရက်နေ့တွင် ကုမ္ပဏီအခြေစိုက်စခန်းတွင် တွေ့ဆုံရှင်းလင်းခဲ့ပါသည်။

တွေ့ဆုံရှင်းလင်းပွဲသို့ စဉ့်ကူးမြို့နယ်၊ နတ်တောင်ကျေးရွာအုပ်စု ပျဉ်းချောင်းရွာ၊ ပါပေါကျေးရွာ၊ ဝါးပိုးချပ်ကျေးရွာများမှ ရပ်မိရပ်ဖများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများမှ ဦးဆောင် ဆွေးနွေးကြပြီး ဒေသခံကျေးရွာသား(၃၀)ဦးခန့် တက်ရောက်ပြီး ကုမ္ပဏီဘက်မှ ကုမ္ပဏီမန်နေဂျာ နှင့် ဒု-မန်နေဂျာတို့ ဦးဆောင်၍ တာဝန်ရှိသူဝန်ထမ်း(၈)ဦးခန့် တက်ရောက်သော တွေ့ဆုံဆွေးနွေး ပွဲပြုလုပ်ခဲ့ပါသည်။

**ကုမ္ပဏီမှ ဦးဆောင်တက်ရောက်သူများ**

| စဉ် | အမည် | ရာထူး |
|---|---|---|
| (၁) | ဦးလှမြင့် | မန်နေဂျာ |
| (၂) | ဦးနေမျိုးဦး | ဒု-မန်နေဂျာ |

**ဒေသခံကျေးရွာများမှ ဦးဆောင်တက်ရောက်သူများ**

| စဉ် | အမည် | ရာထူး |
|---|---|---|
| (၁) | ဦးမြိုင် | အုပ်ချုပ်ရေးမှူး (ပါပေါကျေးရွာ) |
| (၂) | ဦးတင်အောင်မိုး | ရာအိမ်မှူး(ပျဉ်းချောင်းကျေးရွာ) |
| (၃) | ဦးမောင် | ရာအိမ်မှူး(ဝါးပိုးချပ်ကျေးရွာ) |

တွေ့ဆုံဆွေးနွေးပွဲတွင် SGU-138(A) လုပ်ကွက်မှ ရွှေသတ္တု တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပတ်ဝန်းကျင်နှင့် ဒေသခံကျေးရွာများသို့ ထိခိုက်နစ်နာမှုများ မရှိစေရေး၊ စွန့်ပစ်ရေ၊ စွန့်ပစ်မြေစာနှင့် ဆူညံမှု၊ တုန်ခါမှုကြောင့် ဒေသခံကျေးရွာများသို့ အနှောက်အယှက် မဖြစ်စေရေး၊ ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရေးနှင့် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်သွားရေးတို့ကို အဓိက ဆွေးနွေး ခဲ့ကြပါသည်။

တွေ့ဆုံပွဲတွင် မန်နေဂျာဦးလှမြင့်မှ ဆွေးနွေးရာ

ယခုထွန်းရွှေစင်ကုမ္ပဏီ လုပ်ဆောင်နေ သော အသေးစား ရွှေတူးဖော်ရေးလုပ်ကွက်အမှတ် SGU-138(A)သည် လွန်ခဲ့သော (၄) နှစ်မှ စ၍ လုပ်ကိုင်ခွင့်ရယူဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ကုမ္ပဏီ အနေဖြင့် မြေအောက်တူးဖော်ခြင်း စနစ်ဖြင့် လိုဏ်ခေါင်း(Tunnel) တူးဖော် ဆောင်ရွက်ထားခဲ့ကြောင်း၊ လမ်းပန်း ဆက်သွယ်ရေး အခက်အခဲ၊ ကျွမ်းကျင်လုပ်သားအခက်အခဲများကြောင့် လုပ်ငန်းများ ယာယီ ရပ်နား ထားခဲ့ရကြောင်း၊ ယခုနှစ်တွင် စတုတ္ထအကြိမ်သက်တမ်းတိုးမြှင့်ဆောင်ရွက်ပြီး တည်ဆောက်ရေး လုပ်ငန်း များဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကုမ္ပဏီအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေမည့် မြေအောက်တူးဖော်ခြင်းစနစ်ကို အသုံးပြု ဆောင်ရွက်သောကြောင့် မြေပေါ်/မြေအောက် မြေအရည် အသွေး၊ ရေအရည်အသွေး၊ လေအရည်အသွေး၊ ဆူညံသံ၊ တုန်ခါမှုစသည့် သက်ရောက်မှုများ နည်းပါးမည် ဖြစ်ပါကြောင်း၊ သို့ရာတွင် စီမံကိန်း လုပ်ငန်းများ၏ ထုံးစံအရ အနည်းအကျဉ်းသက်ရောက်မှုများ ရှိလာလျှင်

လည်း၊ လျှော့ချစေမည့် အစီအမံများ စီစဉ်ထားရှိမည်ဖြစ်ကြောင်း၊ ကုမ္ပဏီအနေဖြင့် ကျေးရွာသူ၊ ကျေးရွာသား၊ အုပ်ချုပ်ရေးအဖွဲ့များနှင့် ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်သောကြောင့် လိုအပ်ချက်နှင့် အခက်အခဲများ ရှိပါက လည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ပါကြောင်း၊ ဒေသခံများအနေဖြင့် လက်လုပ် လက်စားတူးဖော်နေသော ကိုယ်ပိုင်အင်းငယ်များရှိသည်ကို သိရှိပါကြောင်း၊ ကုမ္ပဏီဧရိယာနှင့် လွတ်ကင်းအောင် ဆောင်ရွက်စေလို ပါကြောင်း၊ အောက်ခြေမှ လုပ်သားများ အချင်းချင်း ခိုက်ရန်ဖြစ်ပွားမှုများ မရှိစေလိုကြောင်း ဆွေးနွေး ပြောကြားခဲ့ပါသည်

ပျဉ်းချောင်းကျေးရွာမှ ရာအိမ်မှူးဦးအောင်တင်မိုးမှ ဆွေးနွေးရာတွင်-

ထွန်းရွှေစင်ကုမ္ပဏီအနေဖြင့် ယခင်က ပါပေါကျေးရွာအနီး ရွှေလုပ်ကွက် SGU-51(A,B) ကိုလည်း တူးဖော်ဆောင်ရွက်ခဲ့ဘူးသဖြင့် ကုမ္ပဏီ ဝန်ထမ်းများနှင့် ကျေးရွာလူထုမှာရင်းနှီးကျွမ်းဝင်ပြီး ဖြစ်သလို ကုမ္ပဏီမှ ရွာသားများသို့ အလုပ်အကိုင်များ များစွာပေးနိုင်ခဲ့ပါကြောင်း၊ ယခုလို ကုမ္ပဏီလုပ်ငန်း ပြန်လည်စတင်ဆောင်ရွက်မည့် အစီအစဉ်ကိုလည်း ဝမ်းသာစွာ ကြိုဆိုပါကြောင်း၊ ကုမ္ပဏီလုပ်ကွက် ဧရိယာနှင့် ကျေးရွာများမှာ (၃) မိုင်ခန့် ကွာဝေးခြင်း၊ မြေအောက်တူးဖော်မှုစနစ်ဖြင့် ဆောင်ရွက်ခြင်းတို့ကြောင့် ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိနိုင်ကြောင်းကို ဆွေးနွေးပါသည်။

ဝါးပိုးချပ်ကျေးရွာမှ ရာအိမ်မှူးဦးမောင်မှ ဆွေးနွေးရာတွင်-

ယခုအခါ ဝါးပိုးချပ် ကျေးရွာ အနီးရှိ အခြားကုမ္ပဏီရွှေလုပ်ကွက်များမှာ ရပ်နားထားကြောင်း၊ ကုမ္ပဏီများ၏ ပံ့ပိုးကူညီမှု မရှိသဖြင့် ကျေးရွာခြင်းဆက်လမ်းများ၊ လက်ပံလှ-နတ်တောင်သို့ သွားသော လမ်းများမှာ ဆိုးရွားစွာ ပျက်စီးမှု ဖြစ်နေကြောင်း၊ ထွန်းရွှေစင်ကုမ္ပဏီအနေဖြင့် လုပ်ငန်းများ ပြန်လည် ဆောင်ရွက်မည်ဆိုပါက လမ်းပြုပြင်မှုများရှိလာမည်ဖြစ်၍ ဝမ်းသာစွာကြိုဆိုပါကြောင်း၊ ပျဉ်းချောင်း/ ဝါးပိုးချပ်ဒေသသည် ဖွံ့ဖြိုးမှု နည်းပါးသော ဒေသဖြစ်သဖြင့် ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေးများကို ဝိုင်းဝန်းပံ့ပိုးပေးစေလိုကြောင်း၊ ကုမ္ပဏီလုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်လည်း မျှော်လင့်ပါကြောင်း ဆွေးနွေး ပါသည်။

မှတ်တမ်းတင်သူ

**SGU-138 (A) လုပ်ကွက် ရွှေသတ္တု တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပါပေါကျေးရွာဒေသခံပြည်သူများ နှင့် ထွန်းရွှေစင်ကုမ္ပဏီလီမိတက်တို့ တွေ့ဆုံမှု အစည်းအဝေးမှတ်တမ်း**

နေ့စွဲ၊ ၂၀၁၈ခုနှစ်၊ နိုဝင်ဘာလ ( ၂၃ )ရက်

ထွန်းရွှေစင်ကုမ္ပဏီလီမိတက်နှင့် ပါပေါကျေးရွာဒေသခံများ တွေ့ဆုံပွဲအား(၂၃.၁၁.၂၀၁၈)နေ့၊ နေ့လည် (၃)နာရီတွင် ပါပါကျေးရွာ၌ ကျင်းပခဲ့ပါသည်။

အစည်းအဝေး စတင်ရာတွင် ထွန်းရွှေစင်ကုမ္ပဏီ၏ စီမံကိန်းတာဝန်ခံ ဦးချမ်း ဦးဆောင်သော တာဝန်ရှိသူများမှ ကုမ္ပဏီ၏ ရွှေထုတ်လုပ်ပုံအဆင့်ဆင့်အား ပြောဆိုရှင်းလင်း တင်ပြခဲ့ပြီး ဖြစ်ပေါ်လာမည့် ဒေသအကျိုးရှိပုံများနှင့် ထိခိုက်နိုင်စွမ်းများကို သိသာထင်ရှားစွာ သိရှိနိုင်ရန် ရှင်းလင်းပြောပြခဲ့ပါသည်။ ပါပေါကျေးရွာ၏ တာဝန်ခံ ဦးမြိုင်နှင့် စီမံကိန်းတာဝန်ခံ ဦးချမ်း ဦးဆောင်သော တာဝန်ရှိသူများမှ ဆွေးနွေးပွဲအား ကျင်းပခဲ့ခြင်းဖြစ်ပါသည်။

ကျေးရွာတာဝန်ခံ ဦးမြိုင်မှ မိမိတို့အနေဖြင့် ထွန်းရွှေစင်ကုမ္ပဏီလီမိတက်၏ SGU-138 (A) လုပ်ကွက် ရွှေသတ္တု တူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့အနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း၊ ရွှေသတ္တု တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများမှ စွန့်ပစ်မြေစာများ၊ စွန့်ပစ်ရေများနှင့် ဆူညံသံများသည် လက်ရှိအနေအထားတွင် မိမိတို့ကျေးရွာအား သက်ရောက်မှုများ နည်းပါးပါကြောင်း၊ ကုမ္ပဏီမှ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တတတ်တအား ကူညီဆောင်ရွက်ပေးသည့်အတွက်လည်း အထူးကျေးဇူး တင်ရှိပါကြောင်း၊ SGU-138 (A) လုပ်ကွက်အား မိမိတို့ကျေးရွာမှ ကန့်ကွက်ရန် မရှိပါကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

ဦးစိန်လင်းမှ ထွန်းရွှေစင်ကုမ္ပဏီ၏ စွန့်ပစ်မြေစာများနှင့် စွန့်ပစ်ရေကို မည်ကဲ့သို့ စွန့်ပစ်သည်ကို မေးမြန်းရာ ကုမ္ပဏီ၏ တာဝန်ရှိသူ ဦးသန်းဦးမှ စွန့်ပစ်မြေစာများအား ကုမ္ပဏီ စုပုံကွင်းသို့ စနစ်တကျ အကာအရံများ ထားရှိ၍ စွန့်ပစ်လျက်ရှိပါကြောင်း၊ ၎င်းစွန့်ပစ်မြေစာများကို ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်း များတွင် အသုံးပြုသွားမည်ဖြစ်ပါကြောင်း၊ စွန့်ပစ်ရေများကိုလည်း ရေစစ်ကန်များဖြင့် အဆင့်ဆင့် စစ်ယူပြီး သတ်မှတ်ထားသော ရေအရည်အသွေးစံချိန်စံညွှန်းအတွင်း ရှိမှသာ စွန့်ပစ်လျက်ရှိပါကြောင်း၊ ရေအရည် အသွေးကိုလည်း ဓါတ်ခွဲစမ်းသပ်မှုများ ပြုလုပ်ပြီး စစ်ဆေးလျက်ရှိပါကြောင်း စသည်ဖြင့် ရှင်းလင်းပြော ကြားခဲ့ပါသည်။

ဒေသခံများဘက်မှလည်း ဒေသဖွံ့ဖြိုးရေးလမ်းပိုင်းများ ပျက်စီးခဲ့လျှင် ဆက်လက်ကူညီ ပြုပြင် ပေးရန် တင်ပြခဲ့ရာ ထွန်းရွှေစင်ကုမ္ပဏီ၏ SGU-138 (A) လုပ်ကွက်တာဝန်ခံ ဦးချမ်းမှလည်း အဆိုပါ အကူအညီတောင်းဆိုမှုများ အားလုံးအား ကူညီလုပ်ဆောင်ပေးမည် ဖြစ်ပါကြောင်း၊ မိမိတို့ ကုမ္ပဏီအနေဖြင့် ဒေသခံများ၏ အခက်အခက်များ၊ အကြံအဉာဏ်များကို သိရှိနိုင်ရေး ပြည်သူ့ဆက်ဆံရေးတာဝန်ခံ အဖြစ် ကုမ္ပဏီဝန်ထမ်းတစ်ဦးအား တာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ဒေသခံများအနေဖြင့် ၎င်းမှတစ်ဆင့် ဆက်သွယ်၍ ကုမ္ပဏီ၏ လိုအပ်ချက်များကို ပြောဆိုနိုင်ပါကြောင်း၊ ကုမ္ပဏီ၏ SGU-138 (A) လုပ်ကွက်ကြောင့် ဒေသတွင် ထိခိုက်နိုင်မှုနည်းပါးပြီး ဒေသတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိကာ ဒေသဖွံ့ဖြိုးရေများကိုလည်း ကုမ္ပဏီမှ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြခဲ့ပါ သည်။ ထို့နောက်ဒေသ၏ အခက်အခဲများ သိရှိစေရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအား

ကုမ္ပဏီမှ ဆက်လက် ကူညီဆောင်ရွက်ရန် ကုမ္ပဏီနှင့် ဒေသခံပြည်သူတွေ့ဆုံပွဲအား ဆက်လက်ပြု လုပ်ရန် သဘောတူခဲ့ကြပြီး အစည်းအဝေးအား နေ့လည်(၄)နာရီတွင် အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

လက်ရှိ ထွန်းရွှေစင်ကုမ္ပဏီလီမိတက်၏ SGU-138 (A) လုပ်ကွက် တူးဖော်ရေးလုပ်ငန်းများ နှင့်ပတ်သက်၍ ပါပေါကျေးရွာဒေသခံများ၏ သဘောထားမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ထွန်းရွှေစင်ကုမ္ပဏီလီမိတက် SGU-138 (A) လုပ်ကွက်မှ စွန့်ပစ်မြေစာများ၊ စွန့်ပစ်ရေများ၊ စက်ယန္တရားများမှ ဆူညံသံများသည် လက်ရှိအနေအထားအရ ကျေးရွာသူ/သားများအား အနှောက်အယှက် မဖြစ်ပွားခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုနည်းပါးခြင်းတို့ကြောင့် SGU-138 (A) လုပ်ကွက်အား ပါပေါကျေးရွာသူ/သားများမှ ကန့်ကွက်ရန် မရှိပါကြောင်း ထောက်ခံအပ်ပါသည်။

မှတ်တမ်းတင်သူ



SGU 138(A) လုပ်ကွက်အတွက် ကုမ္ပဏီမှ ဒေသခံကျေးရွာရှိ ဘုန်းတော်ကြီးနှင့် ရပ်မိရပ်ဖများနှင့် တွေ့ဆုံရှင်းလင်းနေစဉ်



SGU 138(A) လုပ်ကွက်တွင် ရွှေသတ္တု တူးဖော်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကုမ္ပဏီမှ ဒေသခံကျေးရွာများမှ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရှင်းလင်းနေစဉ်



SGU 138(A) လုပ်ကွက် ရွှေသတ္တု တူးဖော်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ကုမ္ပဏီမှ ပါပေါကျေးရွာရှိ ဒေသခံများနှင့် တွေ့ဆုံရှင်းလင်းနေစဉ်



တွေ့ဆုံရှင်းလင်းပွဲအပြီး အမှတ်တရမှတ်တမ်းတင်ဓါတ်ပုံ ရိုက်ကူးနေစဉ်